Form (2)

1344

14-10-2016

THE REPUBLIC OF THE UNION OF MYANMAR

The Myanmar Investment Commission

PERMIT

Permit No. 1173/2016 Date 14 October 2016

This Permit is issued by the Myanmar Investment Commission according to the section 13, sub-section (b) of the Republic of the Union of Myanmar Foreign Investment Law-

(a) Name of Investor/Promoter U SAI MYO THANT

(b) Citizenship MYANMAR

(c) Address NO. 310, 7th FLOOR, ANAWYAHTAR STREET, WARD NO. 1, LANMADAW TOWNSHIP, YANGON

(d) Name and Address of Principal Organization THAN TAW MYAT CO., LTD., NO.8, 2nd FLOOR, PANCHAN TOWER, CORNER OF DHAMAZAYDI ROAD AND BAGAYAR ROAD, SANCHAUNG TOWNSHIP, YANGON

(e) Place of incorporation REPUBLIC OF THE UNION OF MYANMAR

(f) Type of Investment Business MANUFACTURING AND MARKETING OF CEMENT

(g) Place(s) at which investment is permitted KWIN NO. 233-KA, KALAY VILLAGE TRACT AND KWIN NO. 226 KHA EX. SHAN TAUNG OO VILLAGE TRACT, KYAUKSE TOWNSHIP, MANDALAY REGION

(h) Amount of Foreign Capital US$ 105.88 MILLION

(i) Period for Foreign Capital brought in WITHIN TWO YEARS FROM THE DATE OF ISSUANCE OF MIC PERMIT

(j) Total amount of capital (Kyat) EQUIVALENT IN KYAT OF US$ 216.09 MILLION (INCLUDING US$ 105.88 MILLION)

(k) Construction period 2 YEARS

(l) Validity of investment permit 30 YEARS

(m) Form of investment JOINT VENTURE

(n) Name of Company incorporated in Myanmar MYANMAR THAN TAW MYAT COMPANY LIMITED

14.10.16

Chairman

The Myanmar Investment Commission

စာအမှတ် ၁၃၄၄-က
ရက်စွဲ ၁၄-၁၀-၂၀၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၁၀၇၃/၂၀၁၆ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၄ ရက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ-၁၃၊ ပုဒ်မခွဲ(ခ) အရ ဤခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပေးလိုက်သည် -

(က) ရင်းနှီးမြှုပ်နှံသူ/ကမကထပြုသူအမည် ဦးစိုင်းမျိုးသန့်

(ခ) နိုင်ငံသား မြန်မာ

(ဂ) နေရပ်လိပ်စာ အမှတ် (၃၁၀), ၇ လွှာ, အနော်ရထာလမ်း၊ အမှတ် (၁) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

(ဃ) ပင်မအဖွဲ့အစည်းအမည်နှင့် လိပ်စာ သံတော်မြတ်ကုမ္ပဏီလီမိတက်၊ အမှတ် ၈၊ ဒုတိယ ထပ်၊ ပန်းခြံတာဝါ၊ ဓမ္မစေတီလမ်းနှင့် ဗားဂရာလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

(င) ဖွဲ့စည်းရာအရပ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ

(စ) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား ဘိလပ်မြေထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) ကွင်းအမှတ် ၂၃၃-က၊ ကလေးကျေးရွာအုပ်စု နှင့် ကွင်းအမှတ် ၂၂၆ EX ၊ ရှမ်းတောင်ဦး ကျေးရွာအုပ်စု၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

(ဇ) နိုင်ငံခြားမတည်ငွေရင်း ပမာဏ အမေရိကန်ဒေါ်လာ ၁၀၅.၈၈ သန်း

(ဈ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ခွင့်ပြုမိန့်ရရှိသည့်နေ့မှ (၂) နှစ် အတွင်း

(ည) စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်) အမေရိကန်ဒေါ်လာ ၂၁၆.၀၉ သန်း နှင့် ညီမျှသော မြန်မာကျပ်ငွေ (အမေရိကန်ဒေါ်လာ ၁၀၅.၈၈ သန်း အပါအဝင်)

(ဋ) တည်ဆောက်မှုကာလ ၂ နှစ်

(ဌ) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့် သက်တမ်း ၃၀ နှစ်

(ဍ) ရင်းနှီးမြှုပ်နှံမှုပုံစံ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(ဎ) မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် ကုမ္ပဏီအမည်

MYANMAR THAN TAW MYAT COMPANY LIMITED

14.10.16

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

THE REPUBLIC OF THE UNION OF MYANMAR
MYANMAR INVESTMENT COMMISSION
No.1, Thitsar Road, Yankin Township, Yangon

Tel: 01- 658128
Fax: 01-658141

Our ref : MIC-3/FI-1341/2016(1344-a)
Date : 14th October 2016

Subject: Decision of the Myanmar Investment Commission on the Proposal for "Manufacturing and Marketing of Cement" under the name of "Myanmar Than Taw Myat Company Limited".

Reference: Myanmar Than Taw Myat Company Limited Letter dated (16-3-2016).

1. The Myanmar Investment Commission, at its meeting (18/2016) held on (23-9-2016), had approved that the proposal for investment in "Manufacturing and Marketing of Cement" under the name of "Myanmar Than Taw Myat Company Limited" submitted as a Joint Venture between Than Taw Myat Company Limited (51 %) from the Republic of the Union of Myanmar and Yunnan Jiansheng Investment Co., Ltd. (49 %) from the People's Republic of China.

2. Hence, the "Permit" is herewith issued in accordance with Chapter VII, section 13(b) of Foreign Investment Law and Chapter VIII, Rule 49 of the Foreign Investment Rules relating to Foreign Investment Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be 30 (thirty) years commencing from the date of the issuance of Myanmar Investment Commission's permit. The term of the Lease Agreement for Land and factory shall be initial 20 (twenty) years from the date of signing of the Lease Agreement between Than Taw Myat Co., Ltd. (Lessor) and Myanmar Than Taw Myat Company Limited (Lessee) and extendable 5 (five) years in 2 (two) times subject to the approval of Myanmar Investment Commission. At the end of the term of the Lease Agreement, the Lessee shall transfer the leased land in good and condition.

4. The annual rent for the land and factory shall be US$ 4,440,000 (United States Dollar four million, four hundred and forty thousand only) measuring of the land and factory area 424475.15 square meter (104.89 acres). The rate of rent shall be reviewed and revised in view of prevailing land and factory lease rates after every 5 (five) years and increase of the rent shall not be more than 15 % of the preceding annual rent.

5. Since it was recorded that Than Taw Myat Company Limited operated under Myanmar Citizens Investment Law had started the commercial operation with effect from 1st April, 2015. Myanmar Than Taw Myat Company Limited shall be enjoyed tax exemption up to five consecutive years starting from 1st April, 2015 until 31st March, 2020 as stipulated in section 27 (a) of the Republic of the Union of Myanmar Foreign Investment Law.

6. In issuing this "Permit," the Commission has granted the following exemptions and reliefs as per Chapter XII, section 27 (h), (i) and (k) of Foreign Investment Law. Other exemptions and reliefs under section 27 shall have to be applied upon the actual performance of the project:-

(a) As per section 27(h), exemption or relief from customs duty or other internal taxes or both on machinery, equipment, instruments, machinery components, spare parts and materials used in the business, which are imported as they are actually required for use during the period of construction of business;

(b) As per section 27(i), exemption or relief from customs duty or other internal taxes or both on raw materials imported for production for the first three-year after the completion of construction of business;

(c) As per section 27(k), exemption or relief from commercial tax on the goods produced for export.

7. Yunnan Jiansheng Investment Company Limited shall have to sign the Joint Venture Agreement with Than Taw Myat Company Limited. In addition, Myanmar Than Taw Myat Company Limited shall have to sign the Lease Agreement for land and factory with Than Taw Myat Company Limited. After signing such Agreements, each of (5) copies shall have to be forwarded to the Commission.

8. Myanmar Than Taw Myat Company Limited in consultation with the Company Division, Directorate of Investment and Company Administration shall have to be registered. After registration, (5) copies each of Certificate of Incorporation and Memorandum of Association and Articles of Association shall have to be forwarded to the Commission.

9. Myanmar Than Taw Myat Company Limited shall use its best efforts for timely realization of works stated on the proposal. If none of such works has been commenced within one year from the date of issue of this “Permit”, it shall become null and void.

10. Myanmar Than Taw Myat Company Limited has to abide by Chapter X, Rules 58 and 59 of the Foreign Investment Rules for construction period.

11. As per Chapter X, Rule 61 of the Foreign Investment Rules, extension of construction period shall not be allowed more than twice except it is due to unavoidable events such as natural disasters, instabilities, riots, strikes, emergency of State condition, insurgency and outbreak of wars.

12. As per Chapter X, Rule 63 of the Foreign Investment Rules, if the investor cannot construct completely in time during the construction period or extension period, the Commission will have to withdraw the permit issued to the investor and there is no refund for the expenses of the project.

13. The investor or promoter shall apply the commencement date of commercial operation with Form (11) for their manufacturing business and report to the Commission in accordance with Foreign Investment Rule 97.

14. Myanmar Than Taw Myat Company Limited shall endeavour to meet the targets for production stated in the proposal as the minimum target.

15. The Commission approves periodical appointments of foreign experts and technicians from abroad as per proposal and also in accordance with Chapter XI, section 24 and section 25 of Foreign Investment Law and Myanmar Than Taw Myat Company Limited has to follow the existing Labour Laws for the recruitment of staffs, labour and training in accordance with Chapter XIII, Rule 84 of the Foreign Investment Rules.

16. In order to evaluate foreign capital and for the purpose of its registration in accordance with the provisions under Chapter XV, section 37 of Foreign Investment Law, it is compulsory to report as early as possible in the following manner:-

(a) the amount of foreign currency brought into Myanmar, attached with the necessary documents issued by the respective bank where the account is opened and defined under Chapter XVI, Rule 134 and 135 of the Foreign Investment Rules;

(b) the detailed lists of the type and value of foreign capital defined under Chapter I, section 2(i) of Foreign Investment Law, other than foreign currency.

17. Whenever Myanmar Than Taw Myat Company Limited brings in foreign capital defined under Chapter I, section 2(i) of Foreign Investment Law, other than foreign currency in the manner of paragraph 16(b) mentioned above, the Inspection Certificate endorsed and issued by an internationally recognized Inspection Firm with regard to quantity, quality and price of imported materials shall have to be attached.

18. Myanmar Than Taw Myat Company Limited has the right to make account transfer and expend the foreign currency from his bank account in accordance with Chapter XVI, Rule 136 of the Foreign Investment Rules and for account transfer of local currency generated from the business to the local currency account opened at the bank by a citizen or a citizen-owned business in the Union and right to transfer back the equivalent amount of foreign currency from the foreign currency bank account of a citizen or citizen-owned business by submitting the sufficient document in accordance with Chapter XVII, Rule 145 of the Foreign Investment Rules.

19. Myanmar Than Taw Myat Company Limited shall report to the Commission for any alteration in the physical and financial plan of the project. Cost overrun, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

20. Myanmar Than Taw Myat Company Limited shall be responsible for the preservation of the environment at and around the area of the project site. In addition to this, it shall carry out as per instructions made by Ministry of Natural Resources and Environmental Conservation in which to conduct an Environmental Impact Assessment (EIA) and an Environmental Management Plan (EMP) which describe the measure to be taken for preventing, mitigation and monitoring significant environmental impacts resulting from the implementation and operation of proposed project or business or activity. It has to prepare, submit and perform activities in accordance with this EMP and abide by the environmental policy, Environmental Conservation Law and other environmental related rules and procedures. Myanmar Than Taw Myat Company Limited has to undertake the appropriate and effective management and mitigation measures to alleviate the environmental and social concerns which have identified in the impact assessment section of the Environmental Impact Assessment and also on a report of an EIA study prepared by Sustainable Environmental Myanmar Company Limited.

21. After getting permit from Myanmar Investment Commission, Myanmar Than Taw Myat Company Limited shall have to be registered at the Directorate of Industrial Supervision and Inspection.

22. Myanmar Than Taw Myat Company Limited shall have to abide by the Fire Services Department's rules, regulations, directives and instructions. Moreover, fire prevention measures shall have to undertake such as water storage tank, fire extinguishers and provide training to use the fire fighting equipments and also to appoint fire safety officer.

23. Payment of principal and interest of the loan (if any) as well as payment for import of raw materials and spare parts etc., shall only be made out of local sales of Myanmar Than Taw Myat Company Limited.

24. Myanmar Than Taw Myat Company Limited in consultation with Myanma Insurance shall effect such types of insurance defined under Chapter XII, Rule 79 and 80 of the Foreign Investment Rules.

14.10.16

(Kyaw Win)
Chairman

Myanmar Than Taw Myat Company Limited

cc:
1. Office of the Government of the Republic of the Union of Myanmar
2. Ministry of Home Affairs
3. Ministry of Natural Resources and Environmental Conservation
4. Ministry of Labour, Immigration and Population
5. Ministry of Industry
6. Ministry of Commerce
7. Ministry of Planning and Finance
8. Office of the Mandalay Region Government
9. Director General, Department of Environmental Conservation
10. Director General, Department of Mines
11. Managing Director, No. (1) Mining Enterprise
12. Director General, Directorate of Labour
13. Director General, Department of Immigration
14. Director General, Directorate of Industrial Supervision and Inspection
15. Director General, Department of Trade

16. Director General, Directorate of Investment and Company Administration
17. Director General, National Archives Department
18. Director General, Customs Department
19. Director General, Internal Revenue Department

ကုမ္ပဏီအမည်- Myanmar Than Taw Myat Co., Ltd.

လုပ်ငန်း- အခြောက်ခံစနစ်ဖြင့် တစ်နေ့လျှင် တန် ၁၀၀၀၀ ကျ ဘိလပ်မြေထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း

စဥ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြန်ကြားချက်ရရှိသည့် နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာလက်ခံရရှိခြင်း	၁၆-၃-၂၀၁၆		
၂	**သဘောထားမှတ်ချက်တောင်းခံခြင်း**			
	(က) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ (ပ ကြိမ်)	၂-၅-၂၀၁၆		
	(ဒု ကြိမ်)	၁၄-၆-၂၀၁၆		
	(တ ကြိမ်)	၁-၇-၂၀၁၆	၁၄-၉-၂၀၁၆	
	(ခ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (ပ ကြိမ်)	၂-၅-၂၀၁၆	၁၇-၅-၂၀၁၆	
	(ဒု ကြိမ်)	၂၅-၅-၂၀၁၆	၉-၆-၂၀၁၆	
	(ဂ) စက်မှုဝန်ကြီးဌာန	၂-၅-၂၀၁၆	၁၆-၅-၂၀၁၆	
	(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန	၂-၅-၂၀၁၆	၁၈-၅-၂၀၁၆	
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး ၁၂/၂၀၁၆ သို့ တင်ပြခြင်း	၂၁-၃-၂၀၁၆		
၄	အဆိုပြုလွှာ လက်ခံကြောင်းစာ ပေးပို့ခြင်း	၂၂-၃-၂၀၁၆		
၅	အဆိုပြုချက်စိစစ်ရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက် အကြောင်းကြားခြင်း	၂၉-၃-၂၀၁၆		
၆	**ပုဂ္ဂလိကမြေငှားရမ်းခြင်းကိစ္စ**			
	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေး ၁၂/၂၀၁၆ သို့ တင်ပြခြင်း	၂၇-၆-၂၀၁၆		
	စီးပွားရေးရာကော်မတီအစည်းအဝေး ၈/၂၀၁၆ သို့ တင်ပြခြင်း	၁-၈-၂၀၁၆		
	ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး ၁၀/၂၀၁၆ သို့ တင်ပြခြင်း	၁၉-၈-၂၀၁၆		
၇	ကုမ္ပဏီမှ ပြန်လည်ပြင်ဆင်တင်ပြလာခြင်း		၂၂-၄-၂၀၁၆	
၈	အဆိုပြုလွှာ ပြန်လည်ပေးပို့ခြင်း	၁၅-၆-၂၀၁၆		
	ကြာမြင့်ရက် ၉၁ ရက်			

၁	အဆိုပြုလွှာ ပြန်လည်တင်ပြလာခြင်း	၁၉-၉-၂၀၁၆		
၂	ကုမ္ပဏီမှ အဆိုပြုချက် (၁၀) စုံပေးပို့ခြင်း	၂၁-၉-၂၀၁၆		
၃	**စုစုပေါင်းကြာမြင့်ရက် ၁၈၉ ရက် ***			

***မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သဘောထားမှတ်ချက် ပြန်ကြားမှု နောက်ကျနေပါ၍ ကော်မရှင် အစည်းအဝေးသို့ တင်ပြရန် ရက်ပေါင်း ၁၈၉ ရက် ကြာမြင့်ရခြင်း ဖြစ်ပါသည်။**

အကြောင်းအရာ။ **ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Than Taw Myat Co., Ltd. မှ အခြောက်ခံစနစ်ဖြင့် တစ်နေ့လျှင် တန် ၁၀၀၀၀ ကျ ဘိလပ်မြေ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြ လာခြင်းကိစ္စ**

၁။	ကုမ္ပဏီအမည်/ ကမကထပြုသူ	- Myanmar Than Taw Myat Co., Ltd. - ဦးစိုင်းမျိုးသန့် (မြန်မာ)
	အဖွဲ့အစည်းပုံသဏ္ဍာန်	- ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု - Than Taw Myat Co., Ltd. (မြန်မာနိုင်ငံ) ၅၁ % - Yunnan Jiansheng Investment Co., Ltd. (တရုတ်ပြည်သူ့သမ္မတနိုင်ငံ) ၄၉ %
	လုပ်ငန်းအမျိုးအစား	- အခြောက်ခံစနစ်ဖြင့် တစ်နေ့လျှင် တန် ၁၀၀၀၀ ကျ ဘိလပ်မြေ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
၂။	တည်နေရာ	- ကွင်းအမှတ် ၂၃၃-က၊ ကလေးကျေးရွာအုပ်စု နှင့် ကွင်းအမှတ် ၂၂၆-ခ EX ၊ ရှမ်းတောင်ဦး ကျေးရွာအုပ်စု၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
	မြေပိုင်ရှင်	- Than Taw Myat Co., Ltd.
	မြေအကျယ်အဝန်း	- ၁၀၄.၈၉ ဧက (၄၂၄၄၇၅.၁၅ စတုရန်းမီတာ)
၃။	နှစ်စဉ်မြေနှင့် အဆောက်အဦငှားရမ်းခ	- US$ ၄,၄၄၀,၀၀၀
	မြေငှားသက်တမ်း	- ကနဦး ၂၀ နှစ် နှင့် ၅ နှစ် ၂ ကြိမ် သက်တမ်းတိုး
၄။	လုပ်ငန်းသက်တမ်း	- ၃၀ နှစ်
	တည်ဆောက်ရေးကာလ	- ၂ နှစ်
၅။	စုစုပေါင်းမတည်ငွေရင်းပမာဏ	- အမေရိကန်ဒေါ်လာ ၂၇၆.၅၀ သန်း
	ထည့်ဝင်သည့် အမျိုးအစား	- US$ သန်း

	နိုင်ငံခြား	နိုင်ငံသား	စုစုပေါင်း
ငွေသား	၀.၅၀	၃.၇၆	၄.၂၆
စက်နှင့်စက်ပစ္စည်းတန်ဖိုး	၈၃.၆၁	၇၈.၀၃	၁၆၁.၆၄
အဆောက်အဦ	၅၁.၃၇	၈.၄၆	၅၉.၈၃
ရုံးသုံးကိရိယာ	-	၀.၀၆	၀.၀၆
မြေငှားရမ်းခ (၁၀ နှစ်စာ)	-	၄၄.၄၀	၄၄.၄၀
မော်တော်ယာဉ်		၆.၃၁	၆.၃၁
စုစုပေါင်း	**၁၃၅.၄၈**	**၁၄၁.၀၂**	**၂၇၆.၅၀**

၆။	ဝန်ထမ်းအင်အား (ပထမနှစ်)	- **၈၆၁ ဦး**
	ပြည်တွင်း	- ၇၀၉ ဦး (ပြည်တွင်းမှ အနိမ့်ဆုံး ဝန်ထမ်းတစ်ဦး လစာမှာ ကျပ် ၁၁၀,၀၀၀ အမြင့်ဆုံးဝန်ထမ်းတစ်ဦး လစာမှာ ကျပ် ၆၀၀,၀၀၀)
	ပြည်ပ	- ၁၅၂ ဦး (ပြည်ပမှအနိမ့်ဆုံးဝန်ထမ်းတစ်ဦး လစာမှာ US$ ၆၀၀၊ အမြင့်ဆုံးဝန်ထမ်းတစ်ဦး လစာမှာ US$ ၁၅၀၀)

၇။	ရောင်းချမည့်စနစ်	- ၁၀၀ % ပြည်တွင်းရောင်းချခြင်း
၈။	ကုမ္ပဏီ၏ ဝင်ငွေ (ဆဋ္ဌမနှစ်) ကုမ္ပဏီ၏ အသုံးစရိတ် (ဆဋ္ဌမနှစ်) ကုမ္ပဏီ၏ အသားတင်အမြတ် (ဆဋ္ဌမနှစ်)	- US$ ၁၈၇.၅၀ သန်း - US$ ၁၆၁.၈၅ သန်း - US$ ၂၅.၆၅ သန်း
၉။	နိုင်ငံတော်မှရရှိမည့်အကျိုးအမြတ် (ဆဋ္ဌမနှစ်) ဝင်ငွေခွန် ကုန်သွယ်လုပ်ငန်းခွန်	 - US$ ၈.၅၅ သန်း - US$ ၉.၃၈ သန်း (၁ US$ = ၁၂၀၀ ကျပ်ဖြင့် တွက်ချက်တင်ပြထားပါသည်။)
	အရင်းကြေကာလ	- ၈ နှစ် ၆ လ
	အရင်းအနှီးပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR)	- ၁၅.၇၆ %
၁၀။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု	- ၁၃,၂၀၀,၀၀၀ kWh
၁၁။	ဆဋ္ဌမနှစ် ထုတ်လုပ်မှုနှင့် ရောင်းဈေးနှုန်း Cement	**ပြည်တွင်း ရောင်း (Ton)** — **ရောင်းဈေးနှုန်း (Kyat/Ton)** ၃,၀၀၀,၀၀၀ — ၇၅,၀၀၀
၁၂။	CSR	- ၂ %
၁၃။	မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်	- မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စက်ရုံ အဆောက်အဦကို R.C ကွန်ကရစ်ဖြင့် တည်ဆောက်ထားပါကြောင်း၊ မီးသတ်ဆေးဗူးများ၊ သဲအိတ်များ၊ သဲပုံးများ၊ မီးချိတ်၊ မီးကပ်များကို စက်ရုံ၏ နေရာတိုင်းတွင် ထားရှိမည် ဖြစ်ပါကြောင်း၊ မီးသတ် ဦးစီးဌာနမှ ဖွင့်လှစ်သော မီးဘေးကြိုတင်ကာကွယ်ရေး သင်တန်းများသို့ ဝန်ထမ်းများအား တက်ရောက်စေမည် ဖြစ်ပါကြောင်း၊ စက်ရုံအတွင်းနှင့် အနီးပတ်ဝန်းကျင်တွင် ဆေးလိပ်သောက်ခြင်းကို တင်းကြပ်စွာ တားမြစ်ထားပါကြောင်း တင်ပြထားပါသည်။
၁၄။	ငွေရေးကြေးရေးအထောက်အထား	- Yunnan Jiansheng Investment Co., Ltd. သည် ၂၉-၇-၂၀၁၆ နေ့တွင် CNY ၆၈၀၈၈၅၇.၁၅(US$ ၁,၀၂၀,၄၄၅.၄၆) ရှိကြောင်း Business Office of Kumming Gaoxin Sub-branch of Bank of China ၏ အထောက်အထားမိတ္တူ၊ Yunnan Jiansheng Investment Co., Ltd. ၏ Balance Sheet ၊ Than Taw Myat Co., Ltd. သည် ၈-၉-၂၀၁၆နေ့တွင် ကျပ် ၁၁၄,၂၇၁၃,၀၀၀.၁၁ ရှိကြောင်း Ayeyarwady Bank Limited (လှိုင်ဘဏ်ခွဲ) ၏ အထောက်အထားမိတ္တူ၊ ၆-၉-၂၀၁၆ နေ့တွင် ကျပ် ၉၄,၅၆၇,၈၆၀.၇၈ ရှိကြောင်း Ayeyarwady Bank Limited (မန္တလေး) ၏ အထောက်အထား မိတ္တူ၊ ၂၀-၉-၂၀၁၆ နေ့တွင် ကျပ် ၅,၀၅၇,၁၇၇.၇၃ ရှိကြောင်း ကမ္ဘောဇဘဏ် (မန္တလေးဘဏ်ခွဲ-၄) ၏ အထောက် အထားမိတ္တူ တို့ကို တင်ပြထားပါသည်။ - Than Taw Myat Co., Ltd. သည် ကုမ္ပဏီမှတ်ပုံတင် အမှတ် ၁၅၉၃/၂၀၀၉-၂၀၁၀ ဖြင့် ၁-၂-၂၀၁၀ နေ့တွင် ဖွဲ့စည်းထားကြောင်းနှင့် Yunnan Jiansheng Investment Co., Ltd. သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် Registration No. 530100100259311 ဖြင့် ၂၉-၆-၂၀၁၁ နေ့တွင် ဖွဲ့စည်းထားကြောင်း အထောက်အထား၊ ဒါရိုက်တာများ၏ Passport မိတ္တူများနှင့် နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူများကို တင်ပြထားပါသည်။

၁၅။	စိစစ်တင်ပြချက်	- Than Taw Myat Co., Ltd. သည် ကော်မရှင် ခွင့်ပြုမိန့်အမှတ် မနသ-၈၁၅/၂၀၁၁ (၈-၁၁-၂၀၁၁) ဖြင့် လုပ်ငန်း ဆောင်ရွက်နေသော ကုမ္ပဏီဖြစ်ပါသည်။ - သတ္တုတွင်းဝန်ကြီးဌာနမှ Than Taw Myat Co., Ltd. သို့ ခါတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်အမှတ် ၀၀၁၀/၂၀၁၄ (၅-၁၂-၂၀၁၄)၊ နှင့် ၀၀၀၂/၂၀၁၆ (၂၈-၁-၂၀၁၆) ဖြင့် ခွင့်ပြုထားသော အထောက်အထားမိတ္တူတို့ကို တင်ပြထားပါသည်။ - Than Taw Myat Co., Ltd. သည် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသို့ ပြောင်းလဲဆောင် ရွက်ခွင့်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကျင်းပသော ကော်မရှင်၏ ၁၉/၂၀၁၅ အစည်းအဝေးမှ ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ - အဆိုပြုတင်ပြသည့် မြေမှာ မူလ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ တင်ပြခဲ့စဥ်က **လုပ်ကွက်ဧရိယာ ၄၉၇.၅၇ ဧက ဖြစ်ပြီး ၁၀၄.၈၉ ဧက**သာ လယ်မြေမှတပါးလယ်ယာမြေအား အခြားနည်း အသုံးပြုရန် ခွင့်ပြုမိန့်ပုံစံ ၁၅(က) ရရှိ ပြီး ဖြစ်ပါသည်။ - **နိုင်ငံခြားနှင့် ဖက်စပ်ပြုလုပ်မည့် လုပ်ငန်းဆောင်ရွက်ရန် အတွက် ပုံစံ ၁၅(က) ရရှိထားသော ၁၀၄.၈၉ ဧက**တွင်သာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် တင်ပြထားပါသည်။ - Than Taw Myat Co., Ltd. သည် ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စီးပွားဖြစ်စတင်ခဲ့၍ ဝင်ငွေခွန် ကင်းလွတ်ခွင့်ကို ၁-၄-၂၀၁၅ ရက်နေ့မှ ၃၁-၄-၂၀၁၆ ရက်နေ့အထိ ခံစားခဲ့ပြီး ဖြစ်ပါသဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျန်ရှိသော ကာလအတွက်သာ ဆက်လက်ခံစားခွင့်ရှိပါသည်။ - ဖက်စပ်ကုမ္ပဏီဖြစ်သည့် Yunnan Jiansheng Investment Co., Ltd. သည် တရုတ်နိုင်ငံရှိ China Sinom International Engineering Co., Ltd. ၏ နည်းပညာအသုံးပြုမည် ဖြစ်၍ ကုမ္ပဏီမှ ရရှိထားသော Environmental Management Systems Certificate၊ Occupational Health and Safety Management Systems Certificate နှင့် Quality Management Systems Certificate တို့ကို တင်ပြထားပါသည်။ - ကုမ္ပဏီမှ ထွက်ရှိလာသော ဘိလပ်မြေများကို ကြံ့နှစ်ကောင် အမှတ်တံဆိပ်ဖြင့် ရောင်းချမည် ဖြစ်ပါသည်။

ကုမ္ပဏီအမည်	-	Myanmar Than Taw Myat Co., Ltd.
အဖွဲ့အစည်းပုံသဏ္ဍာန်	-	ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	-	အခြောက်ခံစနစ်ဖြင့် တစ်နေ့လျှင် တန် ၁၀၀၀၀ ကျ ဘိလပ်မြေ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
တည်နေရာ	-	ဦးပိုင်အမှတ် ၁၅၊ ကွင်းအမှတ် ၂၃၃-က၊ ကလေးကျေးရွာအုပ်စုနှင့် ကွင်းအမှတ် ၂၂၆-ခ EX၊ ရှမ်းတောင်ဦး ကျေးရွာအုပ်စု၊ ကျောက်ဆည်မြို့ နယ်၊ မန္တလေးတိုင်းဒေသကြီး
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	အမေရိကန်ဒေါ်လာ ၂၇၆.၅၀ သန်း
ရောင်းချမည့်စနစ်	-	၁၀၀ % ပြည်တွင်းရောင်းချခြင်း
လုပ်ငန်းသက်တမ်း	-	၃၀ နှစ်
အရင်းကြေကာလ	-	၈ နှစ် ၆ လ
IRR	-	၁၅.၇၆ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost	Benefit
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	ကျပ် ၂.၁၆ သန်း (တစ်နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	ကျပ် ၀.၆၆၅ သန်း
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	ကျပ် ၃၀၂၅.၅၂ သန်း	
၄	ကုန်သွယ်လုပ်ငန်းခွန်		ကျပ် ၂၈၁၂၅.၀၀ သန်း
၅	ဝင်ငွေခွန်	ကျပ် ၁၂၇၂၃.၄၀ သန်း	ကျပ် ၅၁၂၉၆.၆၄ သန်း
၆	ရေ၊ လျှပ်စစ်မီးသုံးစွဲခ		ကျပ် ၃၇၀၈၀.၀၀ သန်း
၇	လုပ်ခလစာအပေါ်ဝင်ငွေခွန်		တစ်နှစ် ဝင်ငွေ ကျပ် (၄၈) သိန်း ကျော်ပါက အခွန်ပေးရမည့် ဝန်ထမ်း (၁၅၆) ဦး
၈	CSR (၂ %)		ကျပ် ၂၂၅၈.၁၅ သန်း
၉	မြေငှားရမ်းခရငွေ		ကျပ် ၂၆၆၄၀.၀၀ သန်း
၁၀	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ၇၀၉ ဦး ပြည်ပ ၁၅၂ ဦး ပြည်တွင်းလုပ်သား (၇၀၉) ဦး အလုပ်အကိုင် ရရှိမည် ဖြစ်၍ ဒေသအလုပ်အကိုင်အခွင့် အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေပါသည်။
	၁၄၅၃၉၉.၇၉၅		အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဆင်းရဲနွမ်းပါးမှုလျော့ချရေးကို အထောက်အကူပြုစေနိုင်ပါသည်။
		ကျပ် ၁၅၇၅၁.၀၈ သန်း	**ကျပ် ၁၄၅၄၀၀.၄၆ သန်း**
		၁ း ၉	

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက- ၃/န-၁၃၄၁/၂၀၁၆(၁၂၆၁)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၁ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့
တင်ပြမည့် အမှာစာ

အကြောင်းအရာ။ **ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Than Taw Myat Co., Ltd. မှ အခြောက်ခံစနစ်ဖြင့် တစ်နေ့လျှင် တန် ၁၀၀၀၀ ကျ ဘိလပ်မြေ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။ Than Taw Myat Co., Ltd. ၏ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုမှ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုသို့ ပြောင်းလဲခွင့်ပြုပါရန် တင်ပြခြင်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၁၉/၂၀၁၅ ကြိမ်မြောက် အစည်းအဝေးမှ ခွင့်ပြုခဲ့ပါသည်။

၂။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Yunnan Jiansheng Investment Co., Ltd. သည် ၄၉ % နှင့် မြန်မာနိုင်ငံမှ Than Taw Myat Co., Ltd. သည် ၅၁ % ထည့်ဝင်၍ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Myanmar Than Taw Myat Co., Ltd. တည်ထောင်ကာ ကွင်းအမှတ် ၂၃၃-က၊ ကလေးကျေးရွာအုပ်စု နှင့် ကွင်းအမှတ် ၂၂၆-ခ EX၊ ရှမ်းတောင်ဦးကျေးရွာ အုပ်စု၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ စုစုပေါင်းမြေဧရိယာ ၁၀၄.၈၉ ဧက (၄၂၄၄၇၅.၁၅ စတုရန်းမီတာ) ၌ အခြောက်ခံစနစ်ဖြင့် တစ်နေ့လျှင် တန် ၁၀၀၀၀ ကျ ဘိလပ်မြေ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုလွှာတင်ပြလာပါသည်။

၃။ အဆိုပြုချက်နှင့်အတူ မြေပိုင်ရှင် Than Taw Myat Co., Ltd. နှင့် မြေငှားရမ်းသူ Myanmar Than Taw Myat Co., Ltd. တို့ ချုပ်ဆိုမည့် မြေနှင့် အဆောက်အဦငှားရမ်းခြင်း စာချုပ် (မူကြမ်း)၊ Yunnan Jiansheng Investment Co., Ltd. နှင့် Than Taw Myat Co., Ltd. တို့ ချုပ်ဆိုမည့် ဖက်စပ်စာချုပ် (မူကြမ်း)၊ မြေဆိုင်ရာ အထောက်အထားများ၊ လုပ်ငန်းတည်နေရာပြမြေပုံနှင့် မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့်ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း (မူကြမ်း) တို့ကိုပူးတွဲတင်ပြထားပါသည်။

၄။ မြေငှားသက်တမ်းမှာ ကနဦး ၂၀ နှစ်နှင့် ၅ နှစ် ၂ ကြိမ် သက်တမ်းတိုးဖြစ်ပြီး အဆောက်အဦ (၂၈) လုံးပါဝင်ပါသည်။ နှစ်စဥ်မြေနှင့် အဆောက်အဦငှားရမ်းခမှာ US$ ၄,၄၄၀,၀၀၀ ဖြစ်ပါသည်။

၅။ လုပ်ငန်းစီမံကိန်းကာလမှာ ၃၀ နှစ် ဖြစ်ပြီး တည်ဆောက်ရေးကာလ ၂ နှစ်ကြာမြင့်မည် ဖြစ်ကြောင်း တင်ပြထားပါသည်။

၆။ လုပ်ငန်း၏ စုစုပေါင်း မတည်ငွေရင်းပမာဏမှာ US$ ၂၇၆.၅၀ သန်း ဖြစ်ပြီး ထည့်ဝင်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

US$ (သန်း)

ထည့်ဝင်သည့် အမျိုးအစား	**နိုင်ငံခြား**	**နိုင်ငံသား**	**စုစုပေါင်း**
ငွေသား	၀.၅၀	၃.၇၆	၄.၂၆
စက်နှင့်စက်ပစ္စည်းတန်ဖိုး(ပြည်ပ)	၈၃.၆၁	၇၈.၀၃	၁၆၁.၆၄
အဆောက်အဦ	၅၁.၃၇	၈.၄၆	၅၉.၈၃
ရုံးသုံးကိရိယာ (ပြည်တွင်း)	-	၀.၀၆	၀.၀၆
မြေငှားရမ်းခ (၁၀ နှစ်စာ)	-	၄၄.၄၀	၄၄.၄၀
မော်တော်ယာဉ်	-	၆.၃၁	၆.၃၁
စုစုပေါင်း	**၁၃၅.၄၈**	**၁၄၁.၀၂**	**၂၇၆.၅၀**

၇။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပထမနှစ်တွင် ပြည်တွင်းမှဝန်ထမ်း ၇၀၉ ဦးနှင့် ပြည်ပမှဝန်ထမ်း ၁၅၂ ဦး၊ စုစုပေါင်း ၈၆၁ ဦး ခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်းမှ အနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ ကျပ် ၁၁၀,၀၀၀ ဖြစ်ပြီး အမြင့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ ကျပ် ၆၀၀,၀၀၀ ဖြစ်ပါသည်။ ပြည်ပမှ အနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၆၀၀ ဖြစ်ပြီး အမြင့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၁၅၀၀ ဖြစ်ပါသည်။

၈။ လုပ်ငန်းမှထွက်ရှိသော ဘိလပ်မြေများကို ကြံ့နှစ်ကောင်တံဆိပ်ဖြင့် ပြည်တွင်း၌ ၁၀၀ % ရောင်းချမည်ဖြစ်ပါသည်။ ပုံမှန်နှစ် (၆ နှစ်မြောက်) ၏ ထုတ်လုပ်မှုအရေအတွက်နှင့် ရောင်းဈေးနှုန်းများမှာအောက်ပါအတိုင်း ဖြစ်ပါသည်-

အမျိုးအစား	**ထုတ်လုပ်မှု** (Ton)	**ရောင်းဈေးနှုန်း** (Kyat/Ton)
Cement	၃,၀၀၀,၀၀၀	၇၅,၀၀၀

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (၆ နှစ်မြောက်) တွင် ရရှိမည့် ကုမ္ပဏီ၏ ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

		US$ (သန်း)
(က)	ဝင်ငွေ	၁၈၇.၅၀
(ခ)	အသုံးစရိတ်	၁၆၁.၈၅
(ဂ)	အသားတင်အမြတ်	၂၅.၆၅

၁၀။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် US$ ၈.၅၅ သန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် US$ ၉.၃၈ သန်း ရရှိမည် ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ ၈ နှစ် ၆ လ ဖြစ်ပြီး အရင်းအနှီးပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း IRR မှာ ၁၅.၇၆ % ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာတစ်ဒေါ်လာလျှင် ၁၂၀၀ ကျပ်နှုန်းဖြင့် တွက်ချက်ဖော်ပြထားပါသည်။

၁၁။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများမှ အောက်ပါအတိုင်း သဘောထား မှတ်ချက်ပြန်ကြားထားပါသည် -

(က) **မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**မှ အဆိုပြုလုပ်ငန်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင် ထိခိုက်မှု လျော့နည်းအောင် စီမံထားရှိမှု၊ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးဆိုင် ရာ အရေးယူဆောင်ရွက်ချက်များကို တာဝန်ခံသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ရန်ပုံငွေ ခွဲဝေချထားခြင်း စသည်တို့ပါဝင်သော (Environmental Management Plan-EMP) အစီရင်ခံစာအတိုင်း ရရှိဆောင်ရွက်နေပြီဖြစ်ပါ၍ ကန့်ကွက်ရန် မရှိပါ ကြောင်း သဘောထားပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(က)**

(ခ) **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**မှ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သတ္တုလုပ်ကွက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သဘောထား မှတ်ချက် ပြန်ကြားထားပါသည်-

(၁) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်ပျက်စီး မှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင် ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာအကျိုးပြု လုပ်ငန်းများ တာဝန်ခံဆောင်ရွက် မှု (CSR) အတွက် အသားတင်အမြတ်ငွေ ၏ (၂ %) အား အသုံးပြုခြင်း အပါအဝင် ကတိကဝတ်များအား လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(၂) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုမရှိစေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ် ခြင်း (Environmental Impact Assessment- EIA) ကို ဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက် အလက်များနှင့်အညီ အစီရင်ခံ စာရေးသားတင်ပြရန်။

(၃) အထက်ပါလေ့လာဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့် လူမှု ရေး ထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည် စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်

မှု လျော့ပါးစေရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေ စသည်တို့ ပါဝင်သည့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(၄) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ် မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။ **ကုမ္ပဏီမှ EIA အစီရင်ခံစာအား Sustainable Environmental Myanmar Co., Ltd. ဖြင့် ရေးဆွဲဆောင်ရွက်နေကြောင်း တင်ပြထားပါသည်။**

(၅) **သတ္တုတွင်းဦးစီးဌာန**မှ စက်မှုတွင်းထွက်ကုန်ကြမ်းများနှင့် စပ်လျဉ်း၍ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်မည်ဆိုပါက လုပ်ငန်းသဘောတူစာချုပ် ပြင်ဆင်ချုပ်ဆိုရန် လိုအပ်ပါကြောင်း၊ မြန်မာကျပ်ငွေဖြင့် ရောင်းချပါက မြန်မာကျပ်ငွေဖြင့် ပေးဆောင်ရမည်ဖြစ်ပြီး နိုင်ငံခြားငွေဖြင့်ရောင်းချပါက နိုင်ငံခြားငွေဖြင့် ပေးဆောင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။ **နောက်ဆက်တွဲ(ခ)**

(ဃ) **စက်မှုဝန်ကြီးဌာန**မှ ဘိလပ်မြေထုတ်လုပ်ရာတွင် တပ်ဆင်မည့် အဓိကစက်ပစ္စည်းများပြည့်စုံစွာ ဖော်ပြပါရှိ၍ ထုတ်လုပ်မည့် ဘိလပ်မြေတန်ချိန်အတွက် လျော်ညီမှုရှိပါကြောင်း၊ ဘိလပ်မြေထုံးကျောက် ထုတ်လုပ်ရာတွင် Bio-Diversity ကို မထိခိုက်စေရေး အထူးပြုဆောင်ရွက်သင့်ပါကြောင်း သဘောထားမှတ်ချက်ပြန်ကြားထားပါသည်။ **ကုမ္ပဏီမှ စက်မှုဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့် အညီလိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံကတိပြုစာ တင်ပြထားပါသည်။ နောက်ဆက်တွဲ (ဂ)**

၁၂။ ငွေရေးကြေးရေး အထောက်အထားအဖြစ် Yunnan Jiansheng InvestmentCo., Ltd. သည် ၂၉-၇-၂၀၁၆ နေ့တွင် CNY ၆၈၀၈၈၅၇.၁၅ (US$ ၁,၀၂၀,၄၄၅.၄၆) ရှိကြောင်း Business Office of Kumming Gaoxin Sub-branch of Bank of China ၏ အထောက်အထားမိတ္တူ၊ Yunnan Jiansheng Investment Co., Ltd. ၏ Balance Sheet ၊ Than Taw Myat Co., Ltd. သည် ၈-၉-၂၀၁၆ နေ့တွင် ကျပ် ၁၁၄,၂၇၁၃,၀၀၀.၁၁ ရှိကြောင်း Ayeyarwady Bank Limited (လှိုင်ဘဏ်ခွဲ) ၏ အထောက်အထားမိတ္တူ ၊ ၆-၉-၂၀၁၆ နေ့တွင် ကျပ် ၉၄,၅၆၇,၈၆၀.၇၈ ရှိကြောင်း Ayeyarwady Bank Limited (မန္တလေး) ၏ အထောက်အထားမိတ္တူ၊ ၂၀-၉-၂၀၁၆ နေ့တွင် ကျပ် ၅,၀၅၇,၁၇၇.၇၃ ရှိကြောင်း ကမ္ဘောဇဘဏ် (မန္တလေးဘဏ်ခွဲ-၄) ၏ အထောက်အထားမိတ္တူ၊ Than Taw Myat Co., Ltd. သည် ကုမ္ပဏီမှတ်ပုံတင် အမှတ် ၁၅၉၃/၂၀၀၉-၂၀၁၀ ဖြင့် ၁-၂-၂၀၁၀ နေ့တွင် ဖွဲ့စည်းထားကြောင်းနှင့် Yunnan Jiansheng Investment Co., Ltd. သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် Registration No. 530100100259311 ဖြင့် ၂၉-၆-၂၀၁၁ နေ့တွင် ဖွဲ့စည်းထားကြောင်း အထောက်အထား၊ ဒါရိုက်တာများ၏ Passport မိတ္တူများနှင့် နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူများကို တင်ပြထားပါသည်။

၁၃။ **မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်** မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စက်ရုံအဆောက်အဦကို R.C ကွန်ကရစ်ဖြင့် တည်ဆောက်ထားပါကြောင်း၊ မီးသတ်ဆေးဗူးများ၊ သဲအိတ်များ၊ သဲပုံးများ၊ မီးချိတ်၊ မီးကပ်များကို စက်ရုံ၏ နေရာတိုင်းတွင် ထားရှိမည် ဖြစ်ပါကြောင်း၊ မီးသတ်ဦးစီးဌာနမှ ဖွင့်လှစ်သော မီးဘေးကြိုတင်ကာကွယ်ရေးသင်တန်းများသို့ ဝန်ထမ်းများအား တက်ရောက်စေမည် ဖြစ်ပါကြောင်း၊ စက်ရုံအတွင်းနှင့် အနီးပတ်ဝန်းကျင်တွင် ဆေးလိပ်သောက်ခြင်းကို တင်းကြပ်စွာ တားမြစ်ထားပါကြောင်း တင်ပြထားပါသည်။

၁၄။ Myanmar Than Taw Myat Co., Ltd. မှ စက်ရုံဝန်ထမ်းများ သက်သာချောင်ချိ ရေးနှင့် လုပ်ငန်းခွင်သာယာရေးစီစဥ်ထားရှိမှုများ၊ တစ်နှစ်ဝင်ငွေ ကျပ် ၄၈ သိန်းကျော်သော ဝန်ထမ်းများအတွက် ဝင်ငွေခွန်ထမ်းဆောင်မည် ဖြစ်ကြောင်းကတိဝန်ခံချက်၊ ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေး ဆောင်ရွက်မည့် အစီအစဥ်၊ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လုပ်ငန်းများအတွက် နှစ်စဥ်အသားတင်အမြတ်ငွေ၏ ၂ % ကို အသုံးပြုခြင်းပါရှိသည့် Corporate Social Responsibility Plan နှင့် HR Manager ခန့်ထားမည့်အစီအစဥ် တို့ကို တင်ပြထားပါသည်။

၁၅။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုပါရန် တင်ပြထားပါသည်။

၁၆။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၁၂/၂၀၁၆ (၂၀-၃-၂၀၁၆) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

စိစစ်တင်ပြချက်

၁၇။ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) Than Taw Myat Co., Ltd. သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုမှ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုသို့ ပြောင်းလဲခွင့်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၁၉/၂၀၁၅ ကြိမ်မြောက် အစည်းအဝေးမှ ခွင့်ပြုခဲ့ပါသည်။

(ခ) Than Taw Myat Co., Ltd. သည် ကော်မရှင် ခွင့်ပြုမိန့်အမှတ် မနသ-၈၁၅/၂၀၁၁ (၈-၁၁-၂၀၁၁) ဖြင့် လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီဖြစ်ပြီး စီးပွားဖြစ်စတင်သည့်နေ့ကို၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်နေ့အဖြစ် အတည်ပြုသတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

(ဂ) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ခွင့်ပြုမိန့် ရရှိပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဖြင့် ရရှိထားသော ခွင့်ပြုမိန့်ကို ပြန်လည်အပ်နှံရမည် ဖြစ်ပါသည်။

(ဃ) Than Taw Myat Co., Ltd. သည် ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက် နေ့တွင် စီးပွားဖြစ်စတင်ခဲ့၍ ဝင်ငွေခွန် ကင်းလွတ်ခွင့်ကို ၁-၄-၂၀၁၅ ရက်နေ့မှ ၃၁-၃-၂၀၁၆ ရက်နေ့အထိ ခံစားခဲ့ပြီး ဖြစ်ပါသဖြင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျန်ရှိသောကာလအတွက်သာ ဆက်လက်ခံစားခွင့်ရှိပါသည်။

(င) သတ္တုတွင်းဝန်ကြီးဌာနမှ Than Taw Myat Co., Ltd. သို့ ခဲမတ်သတ္တု အကြီးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်အမှတ် ၀၀၁၀/၂၀၁၄ (၅-၁၂-၂၀၁၄) နှင့် ၀၀၀၂/၂၀၁၆ (၂၈-၁-၂၀၁၆) ဖြင့် ခွင့်ပြုပေးထားသော အထောက်အထားမိတ္တူကို တင်ပြထားပါသည်။

(စ) ဖက်စပ်ကုမ္ပဏီဖြစ်သည့် Yunnan Jiansheng Investment Co., Ltd. သည် တရုတ်နိုင်ငံရှိ China Sinom International Engineering Co., Ltd. ၏ နည်းပညာအသုံးပြုမည်ဖြစ်၍ ကုမ္ပဏီမှရရှိထားသော Environmental Management Systems Certificate၊ Occupational Health and Safety Management Systems Certificate နှင့် Quality Management Systems Certificate တို့ကို တင်ပြထားပါသည်။

(ဆ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပုဂ္ဂလိကမြေတွင် ငှားရမ်းဆောင်ရွက်ခွင့်ပြုရန် ကိစ္စကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၁၀/၂၀၁၆ မှ သဘောတူခွင့်ပြုပြီး ဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၈။ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Than Taw Myat Co., Ltd. တည်ထောင်ကာကွင်းအမှတ် ၂၃၃-က၊ ကလေးကျေးရွာအုပ်စုနှင့် ကွင်းအမှတ်၂၂၆-ခ EX၊ ရှမ်းတောင်ဦးကျေးရွာအုပ်စု၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ စုစုပေါင်း မြေဧရိယာ ၁၀၄.၈၉ ဧက (၄၂၄၄၇၅.၁၅ စတုရန်းမီတာ) ၌ အခြောက်ခံစနစ်ဖြင့် တစ်နေ့လျှင် တန် ၁၀၀၀၀ ကျ ဘိလပ်မြေထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို

ရုံးလက်ခံ

ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
၁။	Myanmar Than Taw Myat Co., Ltd.	(၁) Yunnan Jiansheng Investment Co., Ltd. Represented by	
		(က) Mr. Han Wanbo Director Chinese P. P No. E 05216187	No. 701/5/32, International Garden Plant, Haiyuan Road, Wuhua District, Kunming City, Yunnan Province, China.
		(ခ) Mr. Xu Jing Director Chinese P. P No. G 55135492	No. 502/2/19, Cuiyunli of Zongshuying Plot, Xishan District, Kunming City, Yunnan Province, China.
		(ဂ) Mr. Yang ZhongCai Director Chinese P. P No. EI 3528656	Team 3, Liangzi Stockade Village, Bangwei Village Fudong Rural Area, Lancang Lahu, Autonomous Country Puer City, Yunnan Province, China.
		(၂) Than Taw Myat Co., Ltd. Represented by	
		(က)U Sai Myo Thant Managing Director Myanmar 13/ Na Ma Ta (Naing) 033892	No. 310, 7th Floor, Anawyahtar Street, Ward No.(1), Lanmadaw Township, Yangon.
		(ခ) U Tun Tun Oo Director Myanmar 13/ Ka Kha Ha (Naing) 037480	No.38 Mile, Manpain Village, Kutkain Township, Shan State.

		(ဂ) U Kyaw Oo Director Myanmar 13/ Ka Kha Ha (Ei) 000455	No.38 Mile, Manpain Village, Kutkain Township, Shan State.
		(ဃ)U Sai Lone Thit Director Myanmar 13/ Ma Pa Ta (Naing) 031643	No.247, Wei Kyauk Ward, Techileik Township, Shan State.

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ် - ၀၉-၇၉၉၇၉၈၇၉၉

၂။ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ -

၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ရာထူး - ဦးစိုင်းမျိုးသန့်

၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ - အခြောက်ခံစနစ်ဖြင့် တစ်နေ့လျှင်တန် ၁၀၀၀၀ ကျ ဘိလပ်မြေထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း

၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ - -

၆။ ကုမ္ပဏီမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်နေ့စွဲ - -

၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ် - -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
မန္တလေးမြို့

စာအမှတ်၊ ၂ / ၃ - ၆ / ၃၂ ဦး ၆ (၁၅၆)
ရက် စွဲ ၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်

သို့
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

အကြောင်းအရာ ။ **တိုင်းဒေသကြီးအစိုးရအဖွဲ့ သဘောထားပြန်ကြားခြင်း**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂. ၅ .၂၀၁၆) ရက်စွဲပါစာအမှတ်၊ ရက-၃ / န - ၁၃၄၁ / ၂၀၁၆(၆၁၁)

၁။ ကျောက်ဆည်မြို့နယ်၊ ရှမ်းတောင်ဦးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၂၆ - ခ EX)၊ နှင့် ကလေး ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၃-က)၊ ဦးပိုင်အမှတ်(၁၅)၊ ရှိ စုစုပေါင်းမြေဧရိယာ (၁၀၄.၈၉)ဧက (၄၂၄၄၇၅.၁၅စတုရန်းမီတာ)၌ မြန်မာနိုင်ငံ Than Taw Myat Co.Ltd မှ ၅၁% နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Yunnan Jiansheng Investment Co . Ltd မှ ၄၉ % ထည့်ဝင်ပြီး ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Than Taw Myat Co. Ltd တည်ထောင်ကာ အခြောက်ခံစနစ်ဖြင့် တစ်နေ့လျှင် တန် ၁၀၀၀၀ကျ ဘိလပ်မြေထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်မည့်အပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထား စိစစ်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းလာပါသည်။

၂။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့် မြေနေရာနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ရာ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည် -

(က) နောင်ပြုလုပ်မည့်(သို့မဟုတ်)လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်းရှိ/မရှိနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာသည် မြို့ပြစီမံကိန်းအား ထိခိုက်မှုမရှိကြောင်း ၊

(ခ) မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းအဖြစ် လက်ရှိဝန်ထမ်း အင်အား(၁၁၃)ဦး ရှိပြီး နောက်ထပ်ဒေသခံ ဝန်ထမ်းအင်အား(၄၀၀)ဦး ထပ်မံခေါ်ယူ ဆောင်ရွက်မည် ဖြစ်သဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူရှိနိုင်ပါသည် ၊

(ဂ) စက်ရုံတည်ထောင်ထားရှိမှုနှင့်ပတ်သက်၍ အဆိုပြုမြေနေရာ၌ အုတ်တံတိုင်းဖြင့် ဝင်းခြံကာရံထားပြီး စက်ရုံနှင့်ဝန်ထမ်းအိမ်ယာများ ဆောက်လုပ်ထားခြင်း၊ ကလေး ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၃- က)၊ ဦးပိုင်ပေါင်း(၁၅)ခု၊ ဧရိယာ(၅၁.၃၂)ဧက သည် သံတော်မြတ်ဘိလပ်မြေစက်ရုံ၏ ရွှံ့စေးထုတ်ယူမည့် မြေနေရာဖြစ်သဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိနိုင်ခြင်းတို့ကြောင့် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အရ လက်ခံနိုင်ခြင်းရှိပါသည် ၊

(ဃ) လုပ်ငန်းဆောင်ရွက်မည့် မြေနေရာများ ဖြစ်သည့် ရှမ်းတောင်ဦး ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၆၆-ခEX)၊ဦးပိုင်ပေါင်း(၁၉)ခု၊ မြေဧရိယာ(၅၃.၅၇)ကေအား စက်ရုံမြေနေရာနှင့် ဝန်ထမ်းအိမ်ရာမြေအဖြစ်လည်းကောင်း၊ ကလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃က)၊ ဦးပိုင်ပေါင်း(၁၅)ခု၊ မြေဧရိယာ (၅၁.၃၂)ကေအား ရွှံ့စေးထုတ်ယူရန်မြေအဖြစ်လည်းကောင်း၊ စုစုပေါင်း မြေဧရိယာ(၁၀၄.၈၉)ကေသည် အခြားနည်းအသုံးပြုခွင့်ရရှိထားပြီး မြေများဖြစ်ကြောင်း တွေ့ရှိရပါသဖြင့် လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ကျောက်ဆည်မြို့နယ်၊ ရှမ်းတောင်ဦး ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၂၆ - ခ EX)၊ နှင့် ကလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၃-က)၊ ဦးပိုင်အမှတ်(၁၅)ရှိ စုစုပေါင်းမြေဧရိယာ(၁၀၄.၈၉)ဧက Myanmar Than Taw Myat Co.Ltd တည်ထောင်ကာ အခြောက်ခံစနစ်ဖြင့် တစ်နေ့လျှင် တန် ၁၀၀၀၀ကျ ဘိလပ်မြေထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်မည့်ကိစ္စနှင့်ပတ်သက်ပြီး **ပတ်ဝန်းကျင် ထိခိုက်မှု လျော့နည်းအောင် စီမံထားရှိမှု၊ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်များကို တာဝန်ခံသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ရန်ပုံငွေ ခွဲဝေချထားခြင်း စသည်တို့ ပါဝင်သော** (Environmental Management Plan - EMP) အစီရင်ခံစာအတိုင်းရရှိ / ဆောင်ရွက် နေပြီဖြစ်ပါ၍ ကန့်ကွက်ရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ဒေါက်တာဇော်မြင့်မောင်
ဝန်ကြီးချုပ်

မိတ္တူကို

လှည့်လည်စာတွဲ ၊
ရုံးလက်ခံ ။

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
စာအမှတ်.............
ရက်စွဲ ....
ရန်ကုန်မြို့

M-838
18/5

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊၀၀၁/ MIC(OSS) /၀၁(၁၅၉ /၁၆)
ရက် စွဲ ၊၂၀၁၆ခုနှစ် မေ လ ၁၈ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့

အကြောင်းအရာ။ **Myanmar Than Taw Myat မှ အခြောက်ခံစနစ်ဖြင့် တစ်နေ့လျှင် တန် ၁၀၀၀၀ကျ ဘိလပ်မြေထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့် ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန် ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂-၅-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက-၃/ န-၁၃၄၁/ ၂၀၁၆(၆၁၀)

၁။ မြန်မာနိုင်ငံမှ Myanmar Than Taw Myat Co.,Ltd သည် ၅၁%နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ Yunnan Jiansheng Investment Co.,Ltdသည် ၄၉%ထည့်ဝင်၍ ဖက်စပ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Myanmar Than Taw Myat Co.,Ltd တည် ထောင်ကာ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ကွင်းအမှတ် ၂၂၆-ခEx၊ ရှမ်းတောင်ဦးကျေးရွာအုပ်စုနှင့် ဦးပိုင်အမှတ်၁၅၊ ကွင်းအမှတ်၂၃၃-က၊ ကလေး ကျေးရွာအုပ်စုရှိ စုစုပေါင်းမြေဧရိယာ ၁၀၄.၈၉ဧက(၄၂၄၄၇၅.၁၅စတုရန်းမီတာ)၌ အခြောက်ခံ စနစ်ဖြင့် တနေ့လျှင်တန်၁၀၀၀၀ကျ ဘိလပ်မြေထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက် ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီးသဘောထားမှတ်ချက်ပြန်ကြားပေးပါ ရန် ရည်ညွှန်းပါစာဖြင့်အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသောအဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာ (၃၀)နှစ်ဖြစ်ပြီး၊ တည် ဆောက်ရေးကာလမှာ(၂)နှစ်ဖြစ်ကြောင်း၊ ဝန်ထမ်းသက်သာချောင်ချိရေးအစီအစဉ်၊မီးဘေးကာ ကွယ်ရေးစီမံချက်များကိုလည်း ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာမည့် အသားတင်အမြတ်ငွေ၏(၂%)ကို လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု(Corporate Social Responsibility-CSR)လုပ်ငန်းများတွင် ထည့်ဝင်အသုံးပြုသွားမည်ဖြစ်ကြောင်းဖော်ပြပါရှိပါ

သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ လေထု၊ မြေထု၊ ရေထုညစ်ညမ်းမှု မဖြစ်ပွားစေရန် ထိန်းသိမ်းကာကွယ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြေသာယာရေးအတွက်ပန်းပင်များ၊ အပင်များစိုက်ပျိုးခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၃။ Myanmar Than Taw Myat Co.,Ltdမှ ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် Limestone, Silicon, Aluminium နှင့် Iron material စသည့်ဓါတ်ပစ္စည်းများအား အရောင်ချွတ်ခြင်း၊ ကြိတ်ချေခြင်းတို့ပြုလုပ်ကာအပူပေးဆောင်ရွက်ရသဖြင့် စွန့်ပစ်ပစ္စည်းနှင့်စွန့်ပစ်ရေများထွက်ရှိကာ ပတ်ဝန်းကျင်ညစ်ညမ်းစေနိုင်ခြင်း၊ ထုံးကျောက်တူးဖော်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိုင်းခွဲခြင်းနှင့်မြေတူးစက်များအသုံးပြုခြင်းတို့ကြောင့် အသံဆူညံခြင်းနှင့် သားရဲတိရိစ္ဆာန်များ၏နေထိုင်ကျက်စားသည့် နေရာများပျက်စီးနိုင်ခြင်း၊ ကျောက်တူးဖော်ခြင်းနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ရာမှ ဖုန်မှုန့်နှင့်ကျောက်မှုန့်များထွက်ရှိနိုင်သဖြင့် လေထုညစ်ညမ်းစေခြင်း စသည့်ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုပြဿနာများဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ Myanmar Than Taw Myat Co.,Ltd မှ အခြာက်ခံစနစ်ဖြင့် တစ်နေ့လျှင် တန်၁၀၀၀ကျ ဘိလပ်မြေထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန်တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်နည်းစနစ်များအား အသုံးပြုရန်နှင့်အဆိုပြုလွှာတွင်ဖော်ပြထားသည့် လူမှုရေးဆိုင်ရာအကျိုးပြုလုပ်ငန်းများတာဝန်ခံဆောင်ရွက်မှု(Corporate Social Responsibility-CSR)အတွက် အသားတင်အမြတ်ငွေ၏ (၂%)အားအသုံးပြုခြင်းအပါအဝင်ကတိကဝတ်များအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမရှိစေရေး(သို့မဟုတ်)ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း** (En-

vironmental Impact Assessment-EIA)ကိုဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါအချက်အလက်များနှင့်အညီ အစီရင်ခံစာရေးသားတင်ပြရန်။

(ဂ) အထက်ပါလေ့လာဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့်လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ် စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးဆောင်ရွက်မည့်လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေစသည်တို့ ပါဝင်သည့် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်** (Environmental Manangement Plan – EMP)ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဃ) ပြဋ္ဌာန်းထားသည့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန်။

(င) သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူများ၏ဆန္ဒနှင့်သဘောထားများ ရယူဆောင်ရွက်ရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

M ၇၁
1316

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

နေပြည်တော်

စာအမှတ်၊ ၁၇ ခွဲ (၅) ၁၆ /**သတ္တု** (၅၅၇၀)

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၅.၅.၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက - ၃ / န- ၁၃၄၁ / ၂၀၁၆ (၇၁၉-၈)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရည်ညွှန်းစာပါ Myanmar Than Taw Myat Co., Ltd. မှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တစ်ရက်လျှင် တန် ၁၀၀၀၀ ကျ ဘိလပ်မြေထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍ အောက်ဖော်ပြပါအတိုင်း စိစစ်ပြန်ကြားအပ်ပါသည် -

(၁) သံတော်မြတ်ကုမ္ပဏီလီမိတက်သို့ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း ထုံးကျောက်အကြီးစား ထုတ်လုပ်ရန် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အတွင်း သံတော်မြတ်ဒေသရှိ မြေဧရိယာ (၁၃၀.၂၃)ဧကတွင် (၃.၁၂.၂၀၁၄)ရက်နေ့မှ (၂.၁၂.၂၀၂၄) ရက်နေ့အထိ (၁၀)နှစ် သက်တမ်းအားလည်းကောင်း၊ တောင်နီမတောင်ဒေသရှိ မြေဧရိယာ (၁၄၆.၉၈) ဧကတွင် (၂၇.၁.၂၀၁၆) ရက်နေ့မှ (၂၄.၁.၂၀၄၁) ရက်နေ့အထိ (၂၅)နှစ် သက်တမ်းအားလည်းကောင်း ခွင့်ပြုထားပါသည်၊

(၂) အဆိုပါခွင့်ပြုထားသော လုပ်ကွက်များမှ ထုံးကျောက်ထုတ်လုပ်မှုလုပ်ငန်းကို ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ပူးပေါင်းလုပ်ကိုင်မည်ဆိုပါက မူလကုမ္ပဏီအမည်ဖြင့် ခွင့်ပြုထားသော ထုံးကျောက်အကြီးစားလုပ်ကွက်များအား Myanmar Than Taw Myat Co .,Ltd အမည်ဖြင့် ခွင့်ပြုမိန့်ရယူ၍ လုပ်ငန်းသဘောတူစာချုပ် ပြင်ဆင်ချုပ်ဆိုရန် လိုအပ်မည်ဖြစ်ပါသည်၊

(၃) ဘိလပ်မြေထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းကိုသာ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ပြီး၊ ဘိလပ်မြေထုတ်လုပ်ရာတွင် အသုံးပြုမည့်စက်မှုကုန်ကြမ်း ထုံးကျောက်များကို သံတော်မြတ်ကုမ္ပဏီသို့ ခွင့်ပြုထားသောလုပ်ကွက်မှဝယ်ယူအသုံးပြုမည်ဆိုပါက ဓာတ်သတ္တုခွန် နှင့် ခွဲဝေမှုအချိုးတို့ကို သံတော်မြတ်ကုမ္ပဏီလီမိတက်မှ မြန်မာကျပ်ငွေဖြင့် ရောင်းချပါက မြန်မာကျပ်ငွေဖြင့် ပေးဆောင်ရမည်ဖြစ်ပါသည်၊ နိုင်ငံခြားငွေဖြင့် ရောင်းချပါက နိုင်ငံခြားငွေ ဖြင့်ပေးဆောင်ရန် လိုအပ်မည်ဖြစ်ပါသည်၊

(၄) ထုံးကျောက်တစ်နှစ်လိုအပ်ချက် လျာထားတန်ချိန်(၄၃၇၃၀၀၀)မက်ထရစ်တန်အား သံတော်မြတ်ကုမ္ပဏီလီမိတက်မှ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုထားသည့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ တောင်တော်ကွင်းဒေသ၊ သံတော်မြတ်တောင်(တောင်ပိုင်း) လုပ်ကွက်(၁) မြေဧရိယာ (၁၀၁.၂၃)ဧကနှင့်လုပ်ကွက်(၂)ဧရိယာ(၂၉)ဧကလုပ်ကွက်(၂)ကွက်နှင့်မန္တလေးတိုင်းဒေသကြီး၊ကျောက်ဆည်မြို့နယ်၊ ထုံးတောင်လုပ်ကွက်(၁) မြေဧရိယာ (၅၄)ဧကနှင့် တောင်နီမတောင် လုပ်ကွက်(၂) မြေဧရိယာ (၉၂.၉၈)ဧက လုပ်ကွက်(၂) ကွက်တို့မှ ထုတ်ယူနိုင်ပါသည်၊

(၅) ကုမ္ပဏီမှ ကျောက်မီးသွေးတန်ချိန် တစ်နှစ်လိုအပ်ချက် (၅၂၃၀၀၀) မက်ထရစ်တန်အား ဩစတြေးလျနိုင်ငံမှ ဝယ်ယူသုံးစွဲမည်ဖြစ်ကြောင်း တင်ပြထားပါသည်၊

(၆) ဂေါဒန်ကျောက် တစ်နှစ်လိုအပ်ချက် (၁၈၄၆၀၀) မက်ထရစ်တန်အား အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် ပထမအရင်းအမြစ်ကုမ္ပဏီ လီမိတက်၏ ရှမ်းပြည်နယ်၊ သီပေါမြို့နယ်ရှိ နိုင်ငံပိုင်ဂေါဒန်ကျောက် လုပ်ကွက်မှ ဝယ်ယူသုံးစွဲ နိုင်ပါသည်၊

(၇) သံကျောက် တစ်နှစ်လိုအပ်ချက် (၁၇၈၀၀၀) မက်ထရစ်တန်အား မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်များမှ ထုတ်ယူသုံးစွဲနိုင်ပါသည်၊

(၈) မြေစေး တစ်နှစ်လိုအပ်ချက် (၆၁၄၈၀၀) မက်ထရစ်တန်အား မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ကလေးကွင်းဒေသမှ ထုတ်ယူသုံးစွဲနိုင်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ဌေးအောင်၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊အမှတ်(၁)သတ္တုတွင်းလုပ်ငန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

M- ၈၃၃
18/5

စာအမှတ်၊ ၂၁-စမ(၂)၂၀၁၆-၂၀၁၇(၃၅၇)

ရက် စွဲ၊ ၂၀၁၆ ခုနှစ်၊ မေလ ၁၆ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂.၅.၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ရက-၃/ န-၁၃၄၁ / ၂၀၁၆ (၆၁၃)

၁။ Myanmar Than Taw Myat Co.,Ltd. မှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ကွင်းအမှတ်(၂၂၆-ခ EX ၊ ရှမ်းတောင်ဦးကျေးရွာအုပ်စုနှင့် ဦးပိုင်အမှတ်(၁၅)၊ ကွင်းအမှတ်(၂၃၃-က)၊ ကလေးကျေးရွာအုပ်စု တွင် အခြောက်ခံစနစ်ဖြင့် တစ်နေ့လျှင် တန်(၁၀၀၀၀)ကျ တိုးမြှင့်၍ ဘိလပ်မြေထုတ်လုပ်ရောင်းချ ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် စက်ပစ္စည်းတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ် တွေ့ရှိရပါသည်-

(က) ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံပြီး အခြောက်ခံစနစ်ဖြင့် တစ်နေ့လျှင် တန် (၁၀၀၀၀)ကျ တိုးမြှင့်၍ ဘိလပ်မြေထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း ဆောင် ရွက်မည်ဖြစ်ပါသည်။

(ခ) လျှပ်စစ်သွယ်တန်းအသုံးပြုမှုကို လျှပ်စစ်ဥပဒေနှင့်အညီ အသုံးမပြုမီ စစ်ဆေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး တို့အတွက် သက်ဆိုင်ရာဌာနများ၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် နှင့် လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှုအစီအမံ(CSR)အတွက် လုပ်ငန်းမှ ရရှိသော အသားတင်အမြတ်ငွေ၏ ၂% သုံးစွဲရန် လိုအပ်ပါသည်။

(ဃ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် လျှောက်ထားဆောင်ရွက် ရန် လိုအပ်ပါသည်။

(င) ဘီလပ်မြေထုတ်လုပ်ရာတွင် တပ်ဆင်မည့် အဓိကစက်ပစ္စည်းများ ပြည့်စုံစွာ ဖော်ပြပါရှိ၍ ထုတ်လုပ်မည့် ဘီလပ်မြေတန်ချိန်အတွက် လျော်ညီမှု ရှိပါသည်။

(စ) Coal-fired Power Plant (2x30MW)ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

(ဆ) လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ ဝယ်ယူအသုံးပြုမည်ဖြစ်ပြီး Coal အား ပြည်ပမှ တင်သွင်းမည်ဖြစ်ပါသည်။

(ဇ) အဓိကစက်ပစ္စည်းများတွင် DCS System (Distribution Control System) ဖြင့် (automatic control and monitoring) ဆောင်ရွက်မည်ဖြစ်ပါသည်။

(ဈ) Environmental Protection အတွက် (Chinese Standard)ကို referred ပြု လုပ်ထားပါသည်။

(ည) ပတ်ဝန်းကျင်နှင့်လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက် EMP ရေးဆွဲ၍ EIA, SIA, HIA နှင့် CSR တို့ကို အလေးအနက်ထား၍ စနစ်တကျ ဆောင်ရွက်သင့်ပါကြောင်းနှင့် ဘီလပ်မြေထုံးကျောက်ထုတ်လုပ်ရာတွင် Bio-Diversity ကို မထိခိုက်စေရေး အထူးပြုဆောင်ရွက်သင့်ပါသည်။

၃။ သို့ပါ၍ Myanmar Than Taw Myat Co.,Ltd. မှ အခြောက်ခံစနစ်ဖြင့် တစ်နေ့လျှင် တန်(၁၀၀၀၀)ကျ တိုးမြှင့်၍ ဘီလပ်မြေထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အထက်ပါ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဂ္ဂလိကစက်မှု လုပ်ငန်းဥပဒေနှင့် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ပါက ဤဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

၁၆. ၅. ၁၆

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
